# ဗမာ့တပ်မတော်မှ ကချင်ပြည်လွတ်မြောက်ရေးတပ်မတော်အား အပြင်းအထန် ထိုးစစ်ဆင်နေမှုအပေါ် ချင်းအမျိုးသားတပ်ဦး၏သဘောထားထုတ်ပြန်ချက်

ဗမာ့တပ်မတော်နှင့် ကချင်ပြည်လွတ်မြောက်ရေးတပ်မတော် အကြား ၂၀၁၁ခုနှစ်၊ ဇွန်လ(၉) ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများသည် တစတစ ပိုမိုပြင်းထန်လာပြီး ဗမာ့တပ်မတော်မှ ကြည်းတပ်၊ လေတပ်များ အပါအဝင် စစ်အင်အား အလုံးအရင်းဖြင့် အပြုတ်တိုက်ချေမှုန်းရေးစစ်ပွဲသို့ ဦးတည်နေ သည်ကိုတွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် မျှော်လင့်ချက်များလျော့နည်း စေသည်ဟုသုံးသပ်သည်။

ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့သည်၁၉၉၄ခုနှစ်၊ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)နှင့်အပစ်အခတ်ရပ်ဆိုင်းရေးစာချုပ် ချုပ်ဆိုခဲ့ပြီး(၁၇)နှစ်အချိန်ကာလအတွင်း ညောင်နှစ်ပင်အမျိုးသားညီလာခံသို့ တက်ရောက်၍အကြံပြုစာတမ်းများတင်သွင်းခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲများ လိုင်ဇာမြို့အထိ ပြုလုပ်ရန်ခွင့်ပြုခြင်း၊ ၂၀၁၀ ရွေးကောက်ပွဲတွင် ကချင်ပြည်သူများအား မိမိတို့ဆန္ဒ အလျောက် မဲပေးကြရန် တိုက်တွန်းခြင်း၊ ၂၀၀၃ခုနှစ်တွင်ထုတ်ပြန်သည့် လမ်းပြမြေပုံ(၇)ဆင့်အား အစိုးရသစ်ပေါ်ပေါက်လာသည့် အချိန်တွင် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နိုင်ရေးအလို့ငှါ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခြင်းများသည် ထာဝရတည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများဖြစ်သည်ဟုယုံကြည်သည်။

တနစ်နှင့်ခြောက်လကြာ ကြာညောင်းနေပြီဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲများကြောင့် နှစ်ဖက်တပ်များအကြားတွင်သာမက ပြည်သူများပါ ထိခိုက်၊ဒဏ်ရာရ၊သေဆုံးမှုများရှိသည့်အပြင် ဒုက္ခသည်တစ်သိန်းခန့် နယ်စပ်ဒေသတွင် အတိဒုက္ခရောက်လျက်ရှိကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ရပေသည်။ မြန်မာနိုင်ငံအတွင်း အုပ်စိုးသူအစိုးရနှင့် အုပ်ချုပ်ခံနိုင်ငံသားကြားတွင်၎င်း၊ တိုင်းရင်းသားညီအစ်ကိုများအကြားတွင်သော်၎င်း မဖြစ်သင့်မဖြစ်ထိုက်သည့်အရာများ ဖြစ်သည့်အပြင် ဤကဲ့သို့သောတိုက်ပွဲများကြောင့် အချင်းချင်းမယုံသင်္ကာဖြစ်မှုများ တိုးပွားလာခြင်း၊ နာကျည်းမှုများ များပြားလာခြင်း၊ဆုံးရှုံးမှုများဖြစ်ပေါ်စေခြင်းစသည့် ဆိုးကျိုးများသာဖြစ်ပေါ်လာစေလိမ့်မည်ဟု ယုံကြည်သည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ နှင့် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေး နွေးရာတွင် ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင်ဖြစ်ပွားသော တိုက်ပွဲများ ရပ်ဆိုင်း၍ တပြည်လုံးအပစ်အခတ်ရပ်စဲရေးမှ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားပေါင်းစုံနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင်ပြုလုပ်ရန် တိုက်တွန်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း ဗမာ့တပ်မတော်မှ စစ်အင်အားအလုံးအရင်းဖြင့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် စစ်ဆင်ရေးများ ပြုလုပ်လျက်ရှိသည်ကို ပြင်းထန်စွာကန့်ကွက်သည်။

ထို့ကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် ထိုးစစ်ဆင်မှုများအား အမြန်ဆုံး ရပ်တန့်၍ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးနှင့် သာယာဝပြောသော ပြည်ထောင်စု စစ်စစ်တည်ဆောက်နိုင်ရေးတို့အတွက် ပြည်ထောင်စုအဆင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများအမြန်ဆုံးပြုလုပ်ရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

ဗဟိုကော်မတီ
ချင်းအမျိုးသားတပ်ဦး

ရက်စွဲ၊ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့

Chin National Front – General Headquarters, Chinland